**Total Response**

၁။ မြန်မာနိုင်ငံတွင် သင့်ကုမ္ပဏီအနေဖြင့် ရင်းနှီးမြှုပ်နှံမှု (သို့မဟုတ်) လုပ်ငန်းဆောင်ရွက်မှုများ (သို့မဟုတ်) ထိုသို့လုပ်ဆောင်ရန် လေးလေးနက်နက်စဉ်းစားနေပါသလား။ အကယ်၍ မြန်မာနိုင်ငံအတွင်း ထိုသို့လုပ်ဆောင်ရန်စဉ်းစားနေသည်ဆိုလျှင် အဆိုပါရင်းနှီးမြှုပ်နှံမှုများ၏ သဘောသဘာဝ၊ မည်သည့်ပထဝီနေရာဒေသနှင့် မည်သည့်လူမှုအဝန်းအဝိုင်းတို့အား အကျိုးသက် ရောက်မှုရှိစေမည်ဆိုသည်ကို ဖော်ပြပေးပါ။

**တုန့်ပြန်ဖြေကြားချက်**

Total E&P Myanmar (TEPM) သည် ထုတ်လုပ်မှုခွဲဝေခြင်းစာချုပ်ဖြင့် ရတနာဓာတ်ငွေ့ပိုက်လိုင်းအား ၃၁.၂ % အကျိုးစီးပွားဖြင့်လုပ်ကိုင်လျှက်ရှိသည်။ ဤလုပ်ငန်းတွင်ပါဝင်သော အခြားပါဝင်သူများမှာ Chevron (၂၈.၃%)၊ Petroleum Authority of Thailand-Exploration & Production (PTT-EP ၂၅.၅ %)၊ နှင့် မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း (MOGE ၁၅%) တို့အသီးသီး ပါဝင်ကြသည်။ ရတနာဓာတ်ငွေ့ပိုက်လိုင်းသည် ကပ္ပလီပင်လယ်တွင်တည်ရှိပြီး ရေဝတီမြစ်ဝကျွန်းပေါ်မှ ပျမ်းမျှအားဖြင့် ၆ဝ ကီလိုမီတာအကွာတွင် တည်ရှိသည်။ ၄၁ဝ ကီလိုမီတာရှိသော ရတနာဓာတ်ငွေ့ပိုက်လိုင်းအစိတ်အပိုင်းအများစုသည် ကမ်းလွန်ပင်လယ်ပြင်တွင်ရှိပြီး ၆၃ ကီလိုမီတာခန့်သာ မြန်မာနိုင်ငံတောင်ပိုင်းရှိ ကုန်းတွင်းပိုင်းတွင်ကျရောက်သည်။ ဓာတ်ငွေ့ပိုက်လိုင်း ဖြတ်သန်းသွားသည့်နေရာတပိုက်ရှိ ကျေးရွာပေါင်း ၃၃ ရွာနှင့်နေထိုင်သူလူဦးရေ ၅ဝဝဝဝ ခန့်ကို Total Myanmar လူမှုစီးပွားရေးစီမံချက်ဖြင့် ပံ့ပိုးထောက်ပံ့ပေးထားသည်။

၂ဝ၁၂ ခုနှစ်တွင် TEPM သည်လည်း မာတဘန် ရေနက်ဆိပ်ကမ်း (Martaban basin) လုပ်ကွက်အမှတ် M-11 မှ ၄ဝ % အကျိုးစီးပွားကို ရရှိခဲ့သည်။ ထိုင်းနိုင်ငံ၏အမျိုးသားရေနံကုမ္ပဏီဖြစ်သော PTTEP (PTT Exploration and Production Plc.) သည် အဆိုပါလုပ်ကွက်အား ဦးဆောင်ဦးရွက်အဖြစ် ဆောင်ရွက်သည်။ ထို့အပြင် ၂ဝ၁၄ ခုနှစ်၊ မတ်လတွင် TEPM အဖွဲ့သည် တနင်္သာရီဒေသကမ်းလွန်ပင်လယ်ပြင်ရှိ ရေနက်ဆိပ်ကမ်းလုပ်ကွက်တစ်ခုအတွက် လုပ်ငန်းလုပ်ကိုင်ခွင့် ပေးအပ်ခြင်းခံရပါသည်။

ယေဘုယျမှတ်ချက်အနေဖြင့်၊ ကျွန်ုပ်တို့၏ လုပ်ငန်းကျင့်ဝတ် (Code of Conduct) အခြေခံစည်းမျဉ်းများနှင့်အညီ ဆောင်ရွက်လျှက်ရှိသည့် မိမိတို့၏လုပ်ငန်းများသည် အိမ်ရှင်နိုင်ငံနှင့် ထိုနိုင်ငံအတွင်းရှိ လုပ်ငန်းတည်ရှိရာဒေသခံတို့၏ စီးပွားရေးနှင့်လူမှုရေးဆိုင်ရာဖွံ့ဖြိုးတိုးတက်မှုအတွက် များစွာအထောက်အကူပြုစေရန် ဆောင်ရွက်ပါသည်။ ကျွန်ုပ်တို့သည် ဒေသခံတို့၏ အခွင့်အရေးရပိုင်ခွင့်တို့အား လေးစားတန်ဘိုးထားပြီး၊ မိမိတို့လုပ်ငန်းများနှင့်သက်ဆိုင်သည့် လေ့လာမှုပြုခြင်း၊ အကာအကွယ်ပေးခြင်းနှင့် ဒေသခံတို့၏ သဘာဝပတ်ဝန်းကျင်နှင့်လူနေမှုဘဝတို့အပေါ် ထိခိုက်နစ်နာစေမှုများနည်းအောင် ဆောင်ရွက်ခြင်းတို့အပြင် ဆုံးခြင်းနစ်နာမှုများအတွက် သင့်လျော်သည့်အခြေအနေမျိုးတွင် နစ်နာကြေးများအဖြစ် ထောက်ပံ့ကူညီခြင်းတို့ကို ဆောင်ရွက်

ပါသည်။ လုပ်ငန်း၏ အစောပိုင်းကာလများကတည်းကပင် အဆိုပါဒေသခံလူထုတို့နှင့် ထိတွေ့ဆက်ဆံမှုများပြုလုပ်ပြီး ဆွေးနွေးမှုများပြုလုပ်ခဲ့ပါသည်။ အသေးစိတ်ကို TEPM ၏ မြန်မာနိုင်ငံအတွက်ပြုစုထားသည့် အဖွဲ့အစည်းဆိုင်ရာလူမှုရေးတာဝန်ယူမှုအစီအစဉ်မှ မကြာမီကအစီရင်ခံထားသည့် လူမှုစီးပွားရေးဆိုင်ရာနစ်ပတ်လည်အစီရင်ခံစာတွင် လေ့လာနိုင်ပါသည်။ (ပူးတွဲစာတမ်းအမှတ် ၁ နှင့် ၂ တွင်လည်း လေ့လာနိုင်ပါသည်။)

၂။ သင့်အဖွဲ့အစည်းအနေဖြင့် မြန်မာနိုင်ငံ၌ စီးပွားရေးလုပ်ငန်းများ (သို့မဟုတ်) ရင်းနှီးမြှုပ်နှံမှုများဆောင်ရွက်ရာတွင် လူ့အခွင့်အရေးချိုးဖောက်မှုများနှင့်လူမှုရေးဆိုင်ရာပဋိပက္ခများဖြစ်ပွားမှုမှ အကာအကွယ်အထောက်အပံ့ဖြစ်စေမည့် စီမံချက်များ၊ လုပ်ငန်းမူဝါဒများထားရှိပါသလား။ အဆိုပါမူဝါဒများနှင့် လုပ်ငန်းစဉ်များသည် မြန်မာနိုင်ငံအတွင်းရင်းနှီးမြှုပ်နှံမည့် သင့်ကုမ္ပဏီအတွက်မည်သို့အကျိုးသက်ရောက်မှုရှိမည်ဆိုသည်ကို ဖော်ပြပေးပါ။ အကယ်၍သင့်ကုမ္ပဏီတွင် လူ့အခွင့်အရေးဆိုင်ရာ ကျင့်ဝတ်နှင့်မူဝါဒများထားရှိပါက ၄င်းတို့အား အင်တာနက်စာမျက်နှာများတွင် ဖြန့်ဝေထားနိုင်ပါသလား။

## တုန့်ပြန်ဖြေကြားချက်

တာဝန်ယူမှုရှိသည့် နိုင်ငံတကာကုမ္ပဏီတစ်ခုအနေဖြင့် နိုင်ငံပေါင်း ၁၃၀ တို့ရှိ ရှုပ်ထွေးသည့် အခြေအနေများအကြားတွင် မိမိတို့လုပ်ငန်းများဆောင်ရွက်ရာတွင် အောက်ပါဦးစားပေးမှုများအား အခြေခံလျှက် လုပ်ကိုင်ဆောင်ရွက်ပါသည်။

- ကျွန်ုပ်တို့လုပ်ငန်းများအတွင်း လုံခြုံရေးနှင့်အန္တရာယ်ကင်းရှင်းရေးအပြင်၊ ကျန်းမာရေးနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာတို့အား အမြင့်ဆုံးသောဦးစားပေးမှုအဖြစ်ထားရှိခြင်း။
- တိကျမှန်ကန်မှုနှင့်ကျင့်ဝတ်များ စောင့်ထိန်းလိုက်နာမှုရှိခြင်း။
- နိုင်ငံတကာစံချိန်စံညွှန်းဖြစ်သော လူ့အခွင့်အရေးတို့အား လေးစားတန်ဘိုးထားခြင်း။

Total တွင် မြန်မာနိုင်ငံဆိုင်ရာ အုပ်စုအဖွဲ့အဆင့်မူဝါဒများနှင့်လုပ်ငန်းစဉ်များထားရှိပြီး လူ့အခွင့်အရေးချိုးဖောက်မှုများနှင့် လူမှုရေးဆိုင်ရာပဋိပက္ခတို့တွင် ပံ့ပိုးလှုံ့ဆော်မှုများမရှိစေရန် ဆောင်ရွက်သည်။ အဆိုပါမူဝါဒများမှာ-

(က) Total ၏ လုပ်ငန်းကျင့်ဝတ် (the Total Code of Conduct) ကို အောက်ပါအင်တာနက်လင့်ခ်တွင် လေ့လာနိုင်ပါသည်။

http://mediagrp.corp.local/DRH/DRH_LACOM/media/02_Anglais/RESOURCES_PUBLICATIONS/Rubriques/Fichiers/TOTAL_code_conduite_2014_EN.pdf

(ခ) TEPM ၏ လုပ်ငန်းကျင့်ဝတ် The TEPM Code of Conduct (ပူးတွဲစာတမ်း ၃ တွင်ကိုးကားရန် Appendix 3).

(ဂ) Total အဖွဲ့အစည်းဆိုင်ရာ လူ့အခွင့်အရေးလမ်းညွှန် (The Total Human Rights Internal Guide) ကိုအောက်ပါအင်တာနက်လင့်ခ်တွင် လေ့လာနိုင်ပါသည်။
http://mediagrp.corp.local/DRH/DRH_LACOM/media/supports_image/edition/Publications/GDHWeb_VA.pdf

(ဃ) Total စီးပွားရေးရိုးသားဖြောင့်မတ်မှုလမ်းညွှန် The Total Business Integrity Guide ကို အောက်ပါအင်တာနက်လင့်ခ်တွင်လေ့လာနိုင်ပါသည်။
http://mediagrp.corp.local/DRH/DRH_ETHIQUE/media/INTEGRITE/documents/Guide-INTEGRITE_WEB-GB-DEF.pdf

(င) TEPM ၏ ကျန်းမာရေး၊ လုံခြုံရေးနှင့် သဘာဝပတ်ဝန်းကျင့်ဆိုင်ရာမူဝါဒများ The TEPM Health, Safety and Environment Policy (ပူးတွဲစာတမ်း ၄ တွင်လေ့လာရန် Appendix 4).

ထို့အပြင်၊ Total အနေဖြင့် အဖွဲ့အစည်းတွင်းဆိုင်ရာ လမ်းညွှန်စည်းမျဉ်းစည်းကမ်းများထားရှိပြီး မိမိတို့၏ လုပ်ငန်းဆောင်ရွက်မှုများသည် တာဝန်ယူမှုရှိပြီး လူ့အခွင့်အရေးဆိုင်ရာ လေးစားလိုက်နာမှုရှိသည့်အဖွဲ့အစည်းဖြစ်စေရေးကို အလေးပေးဆောင်ရွက်သည်။ အဆိုပါအဖွဲ့အစည်းအတွင်းရှိ စည်းမျဉ်းများမှာ-

(က) E&P လုပ်မှုအဝန်းအဝိုင်းမှ မကြေနပ်မှုများစီမံခန့်ခွဲရေးလမ်းညွှန်
(ခ) TEPM မကြေနပ်မှုများဆိုင်ရာ မူဝါဒယန္တရားများ
(ဂ) လူမှုဝန်းကျင်ဆိုင်ရာ လမ်းညွှန်မှုအဖွဲ့
(ဃ) လူ့အခွင့်အရေးထိခိုက်မှုဆိုင်ရာလေ့လာမှုလမ်းညွှန်
(င) သဘာဝပတ်ဝန်းကျင်၊ ကျန်းမာရေးနှင့် လူမှုရေးဆိုင်ရာထိခိုက်နစ်နာမှုလေ့လာရေးအစီအစဉ်များ

Total အဖွဲ့သည်မြန်မာနိုင်ငံအတွင်း၌ Danish Institute of Human Rights အဖွဲ့နှင့်ပူးပေါင်းကာ TEPM ဝန်ထမ်းများနှင့် ပတ်သက်ဆက်နွယ်သည့် အင်အားစုများအား လူ့အခွင့်အရေးဆိုင်ရာ သင်တန်း များပို့ချပေးခဲ့သည်။ ယူနိုက်တက်ကင်းဒန်း (UK) အခြေစိုက် GoodCorporation မှလည်း မြန်မာနိုင်ငံအတွင်းရှိ ကျွန်ုပ်တို့၏လုပ်ငန်းဆောင်ရွက်မှုများ ကျင့်ဝတ်နှင့်အညီဆောင်ရွက်မှု လေ့လာဆန်းစစ်ခြင်း ကိုပြုလုပ်ခဲ့သည်။ ထို့အပြင်၊ အမေရိကန် NGO တစ်ခုဖြစ်သော Collaborative for Development Action (CDA) အနေဖြင့်လည်း မြန်မာနိုင်ငံအတွင်းရှိ မိမိတို့၏ စီးပွားရေး လုပ်ဆောင်မှုတို့အား လေ့လာဆန်းစစ်မှုပြုထားသည့် သီးခြားအစီရင်ခံစာတစ်စောင်လည်း ရှိထားသည်။ အဆိုပါအဖွဲ့သည် မြန်မာနိုင်ငံအတွင်း ပဋိပက္ခဖြစ်ပွားနေသောလူမှုအဝန်းအဝိုင်းများနှင့် ပဋိပက္ခလွန်ကာလများရှိ ဖွံ့ဖြိုးရေးစီမံကိန်းများနှင့် ထောက်ပံ့မှုများအား လေ့လာသုတေသန ပြုနေသောအဖွဲ့ဖြစ်ပါသည်။ CDA အဖွဲ့၏ အစီရင်ခံစာအား အောက်ပါအင်တာနက်စာမျက်နှာတွင် လေ့လာနိုင်ပါသည်။

http://www.cdacollaborative.org/media/52706/Total-Myanmar-Burma-Yadana-Gas-Transportation-Project-Visit-I.pdf
http://www.cdacollaborative.org/media/52709/Total-Myanmar-Burma-Yadana-Gas-Transportation-Project-Visit-II.pdf
http://www.cdacollaborative.org/media/52712/Total-Myanmar-Burma-Yadana-Gas-Transportation-Project-Visit-III.pdf
http://www.cdacollaborative.org/media/52718/Total-Myanmar-Burma-Yadana-Pipeline.pdf
http://www.cdacollaborative.org/media/52715/Total-Myanmar-Burma-Yadana-Gas-Transportation-Project-Visit-V.pdf
http://www.cdacollaborative.org/media/52703/Total-Myanmar-Yadana-Gas-Transportation-Project-Visit-VI.pdf

TEPM အနေဖြင့် Myanmar's Extractive Industries Transparency Initiative (EITI) တွင်မြန်မာနိုင်ငံ၏ လောင်စာဆီနှင့်သဘာဝဓာတ်ငွေ့စီးပွားရေးလုပ်ငန်း၏ ဦးဆောင်အဖွဲ့ဝင်အဖြစ် ပါဝင်ဆောင်ရွက်မှုအပေါ် ဂုဏ်ယူမိပါသည်။

၃။ သင့်အဖွဲ့အစည်း၌ မေးခွန်းနံပတ် ၂ တွင်ဖော်ပြထားခဲ့ စည်းမျဉ်းစည်းကမ်းများနှင့်မူဝါဒများအား လိုက်နာ ဆောင်ရွက်မှုရှိမရှိကို မည်သူကတာဝန်ယူခေါင်းဆောင်မှုပေးရပါသလဲ။

## တုန့်ပြန်ဖြေကြားချက်

လုပ်ငန်းအဖွဲ့အဆင့်တွင်၊ Total ၌ ကျင့်ဝတ်ကော်မတီတစ်ရပ်ထားရှိပြီး ကော်မတီအဖွဲ့ဝင်များသည်လည်း ကျွန်ုပ်တို့စီးပွားရေးလုပ်ငန်းတွင် ကိုယ်ကျင့်တရားကောင်းမွန်သူများအဖြစ် ထင်ရှားသည့် ပုဂ္ဂိုလ်များပါဝင်သည်။ ထိုအဖွဲ့တွင် ဥက္ကဋ္ဌ၊ ကျင့်ဝတ်ဆိုင်ရာမန်နေဂျာတစ်ဦးနှင့် အခြားစီးပွားရေး လုပ်ငန်းဌာနဆိုင်ရာတို့အား ကိုယ်စားပြုသည့်ဝန်ထမ်း ၅ ဦးတို့ဖြင့်ဖွဲ့စည်းထားသည်။ ကျင့်ဝတ်ရေးရာ ကော်မတီသည် အလုပ်အမှုဆောင်အရာရှိချုပ်ထံသို့ တိုက်ရိုက်အစီရင်ခံတင်ပြရပြီး မိမိတို့အဖွဲ့အစည်းရှိ ဌာနအသီးသီးတို့နှင့် အနီးကပ်ပူးပေါင်းဆောင်ရွက်ရာတွင် အဖွဲ့၏ လုပ်ငန်းကျင့်ဝတ်နှင့်ဆက်သွယ်ရေးဆိုင်ရာလုပ်ထုံးနည်းလမ်းများနှင့်အညီ ဆောင်ရွက်သည်။ Total ကျင့်ဝတ်ရေးရာ ကော်မတီ၏ ဥက္ကဋ္ဌ မှ ဦးဆောင်သော လူ့အခွင့်အရေးဆိုင်ရာ ပူးပေါင်း ဆောင်ရွက်မှုကော်မတီဟူ၍ ထားရှိပြီး အဖွဲ့အစည်းအတွင်းရှိ လူ့အရင်းအမြစ်ဌာန၊ လူထုဆက်ဆံရေး ဌာန၊ တရားရေး၊ လုံခြုံရေး ရေရှည်တည်တံ့သောဖွံ့ဖြိုးတိုးတက်မှုအဖွဲ့၊ အစရှိသည့် အဖွဲ့ကိုယ်စားပြုတို့ပါဝင်ကာ လူ့အခွင့်အရေးနှင့်ဆက်စပ်သည့် ကိစ္စရပ်များအတွက်အကြံပြုရသည်။ ထို့အပြင် အဖွဲ့၏ လုပ်ငန်းကျင့်ဝတ်တို့နှင့် အညီဆောင်ရွက်ခြင်းနှင့် လူမှုရေးဆိုင်ရာတာဝန်ယူမှုဌာန (Corporate social Responsibility Department) အတွင်းတွင် အဖွဲ့၏ လူ့အခွင့်အရေးဆိုင်ရာ ရှေ့နေများဖြင့်ဖွဲ့စည်းထားသည့် အဖွဲ့လည်းရှိသည်။

ထိုနည်းတူ၊ TEPM တွင်လည်း ကျင့်ဝတ်ဆိုင်ရာအရာရှိတစ်ဦး၊ ကျင့်ဝတ်များလေးစားလိုက်နာမှုကို တာဝန်ခံသည့်အရာရှိ (Compliance Officer) တစ်ဦးနှင့် လူမှုရေးဆိုင်ရာတာဝန်ယူမှု၊ တရားရေး၊ လုံခြုံရေး၊ လူ့အရင်းအမြစ်ရေးရာတို့တွင် ပူးပေါင်းဆောင်ရွက်လျှက် အထက်ဖော်ပြပါမူဝါဒစည်းမျဉ်း စည်းကမ်းများအား TEPM အထွေထွေမန်နေဂျာ၏ စီမံခန့်ခွဲမှုအောက်တွင် တာဝန်ထမ်းဆောင်ရသည့် အဖွဲ့တစ်ဖွဲ့ရှိသည်။

၄။ အကယ်၍ သင်၏အဖွဲ့အစည်းအတွင်း လူ့အခွင့်အရေးဆိုင်ရာမူဝါဒများနှင့် လုပ်ငန်းစဉ်များ မရှိသေးပါက၊ အဆိုပါလိုအပ်ချက်တို့အား ပြင်ဆင်ထားရှိရန် အစီအစဉ်ရှိပါသလား။ အကယ်၍ရှိလျှင် မည်သို့သော အစီအမံဆောင်ရွက်မှုများ လုပ်ဆောင်နေပါသလဲ။

### တုန့်ပြန်ဖြေကြားချက်

အထက်တွင်ဖြေကြားခဲ့သည့် မေးခွန်းနံပတ် ၂ ပါအချက်များအတိုင်း၊ Total တွင် လူ့အခွင့်အရေးနှင့် သက်ဆိုင်သည့် မူဝါဒများနှင့်လုပ်ငန်းစဉ်များ ရှိပြီးဖြစ်ပါသည်။ အဆိုပါမူဝါဒများနှင့်လုပ်ငန်းစဉ်များ အား အခါအားလျော်စွာမွမ်းမံပြင်ဆင်မှုများပြုလုပ်ပြီး နိုင်ငံတကာအဆင့်မီလုပ်ကိုင်ဆောင်ရွက်သည့် အဖွဲ့အစည်းအဖြစ်သို့ ရပ်တည်လုပ်ဆောင်ပါသည်။

၅။ သင်၏အဖွဲ့အစည်းအနေဖြင့် လက်နက်ကိုင်ပဋိပက္ခများအပါအဝင် လူမျိုးရေးနှင့်လူမှုရေး ဆိုင်ရာ အကြမ်းဖက်မှုများ အစရှိသည့် ပဋိပက္ခများအား မည်ကဲ့သို့ကာကွယ် (သို့မဟုတ်) လျှော့နည်း စေရန် ကိုင်တွယ်ဖြေရှင်းပါသလဲ။ အဆိုပါအခြေအနေမျိုးအတွက် ထားရှိသည့် အဖွဲ့အစည်းဆိုင်ရာ မူဝါဒများနှင့် လုပ်ငန်းစဉ်များ၊ လူထုနှင့်ထိတွေ့ဆက်ဆံလျှက် အကျိုးရလဒ်များခွဲဝေခြင်းတို့နှင့် သက်ဆိုင်သည်တို့ကိုဆွေးနွေးအဖြေရှာသည့် လုပ်ငန်းစဉ်များအားဖော်ပြပေးပါ။

### တုန့်ပြန်ဖြေကြားချက်

(က) Total အနေဖြင့် မိမိတို့၏လုပ်ငန်းအကောင်အထည်ဖော်ဆောင်မှုတို့တွင် ကျင့်ဝတ်သိက္ခာနှင့် တာဝန်ယူမှုရှိသည့် လုပ်ငန်းအလေ့အကျင့်တို့ဖြင့် လုပ်ကိုင်ကြသည်။ လူတိုင်းအနေဖြင့် လေးစားမှုနှင့် တရားမျှတစွာဆက်ဆံမှုကိုရရှိစေရန် ဦးစားပေးဆောင်ရွက်သည်။ အသိအမြင်ပွင့်လင်းစေသည့် အစီအစဉ်တစ်ရပ်မှတစ်ဆင့်၊ မိမိတို့ဝန်ထမ်းများအား မြန်မာ့ယဉ်ကျေးမှုဓလေ့တို့နှင့် ရင်းနှီးကျွမ်းဝင်မှု ရှိစေရန် ဆောင်ရွက်ပေးသည်။ အခြားသူတို့အား လေးစားတန်ဘိုးထားရန်နှင့် ခွဲခြားဆက်ဆံမှု မရှိစေရန် ကြိုးပမ်းဆောင်ရွက်သည်။ ကျွနိုပ်တို့အဖွဲ့အစည်း၏ လုပ်ငန်းဆောင်ရွက်မှုဆိုင်ရာ ကျင့်ဝတ်သည် နိုင်ငံတကာတွင် အသိအမှတ်ပြုထားရှိသည့် နိုင်ငံတကာလူ့အခွင့်အရေး ကြေငြာစာတမ်း၊ နိုင်ငံတကာ အလုပ်သမားသမဂ္ဂ (ILO)၊ နိုင်ငံစုံစည်းပွားရေးအဖွဲ့အစည်းများအတွက် ရည်ရွယ်ထုတ်ဝေထားသည့် OECD လမ်းညွှန်စည်းမျဉ်းစည်းကမ်းများ၊ မိမိဆန္ဒအလျောက် လိုက်နာကျင့်သုံးသည့် လုံခြုံရေးနှင့်လူ့အခွင့်အရေးဆိုင်ရာ လမ်းညွှန်စည်းမျဉ်းများ၊ ကုလသမဂ္ဂ

လူ့အခွင့်အရေးကောင်စီမှ ၂၀၁၁ ခုနှစ်တွင် အတည်ပြုထောက်ခံထားသည့် ကုလသမဂ္ဂဆိုင်ရာ လူ့အခွင့်အရေးနှင့်စီးပွားရေးအခြေခံ လမ်းညွှန်စည်းမျဉ်းစည်းကမ်းများအစရှိသည့် အခြေခံမူဂါဒများအား အသိအမှတ်ပြုလိုက်နာကျင့်သုံးပါသည်။

(ခ) TEPM အနေဖြင့် အထက်တွင်ဖော်ပြခဲ့သော မူဂါဒစည်းမျဉ်းစည်းကမ်းများနှင့်အညီလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ရာ၌ ကျွန်ုပ်တို့၏ စီးပွားမိတ်ဖက်များအားလုံးတို့အတွက် ၄င်းတို့ ကိုယ်စား မြန်မာနိုင်ငံတွင်လုပ်ကိုင်ဆောင်ရွက်ပေးသည့်အဖွဲ့အနေဖြင့်လည်း ဆောင်ရွက်သည်။

(ဂ) TEPM သည် မိမိတို့စီမံကိန်းများရှိသည့်ဒေသရှိ လူမှုအဂန်းအဝိုင်းတို့နှင့် အပြန်အလှန် နားလည်မှုရှိစေရေးကို ကြိုးစားတည်ဆောက်ပါသည်။ ကျွန်ုပ်တို့အနေဖြင့် ဒေသခံလူထုတို့နှင့် ဆွေးနွေးဆက်သွယ်နိုင်မည့် ကျေးရွာဆက်သွယ်ရေးကော်မတီတစ်ရပ်ကိုဖွဲ့စည်းထားသည်။

(ဃ) TEPM သည် ဒေသခံလူထု၏ဖွံ့ဖြိုးတိုးတက်ရေးအတွက် အလုပ်အကိုင်အခွင့်အလမ်းများ၊ သင်တန်းများ၊ စွမ်းရည်မြှင့်သင်တန်းများနှင့် လူနေမှုအဆင့်အတန်းများတိုးတက်ကောင်းမွန်ရေး အတွက် အခြားသင်တန်းများစွာပို့ချဆောင်ရွက်ပေးသကဲ့သို့ ဒေသခံတို့၏ ကျန်းမာရေး၊ ပညာရေး၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှင့် အခြေခံအဆောက်အဦးများ (Infrastructres)၊ အစရှိသည်တို့ကို ဆောင်ရွက်ပေးသည်။ ပိုမိုသိရှိလိုပါက ကျွန်ုပ်တို့၏ လူမှုစီးပွားရေးဆိုင်ရာ နှစ်ပတ်လည်အစီရင်ခံစာ (ပူးတွဲ စာတမ်း ၁ နှင့် ၂ ) တွင်လေ့လာနိုင်ပါသည်။

(င) TEPM အနေဖြင့် ထိခိုက်နစ်နာမှုများမှ ပဋိပက္ခအဆင့်သို့မရောက်ရှိစေရန်အတွက် မကြေနပ်ချက်များအား ထုတ်ဖော်ပြောဆိုနိုင်သည့် အစီအမံများဖန်တီးထားရှိပြီး အလွယ်တကူ ထိတွေ့ဆက်သွယ်နိုင်အောင်စီမံထားပါသည်။

၆။ သင်၏စီးပွားရေးရင်းနှီးမြှုပ်နှံမှု (သို့မဟုတ်) လုပ်ငန်းများဆောင်ရွက်မှုနှင့် စပ်လျဉ်း၍ အဖွဲ့အစည်းများအနေဖြင့်လည်းကောင်း၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများအနေဖြင့်လည်းကောင်း မေးမြန်းသိရှိလိုသည်များရှိလျှင် မည်ကဲ့သို့ဆက်သွယ်နိုင်ပါသလဲ။

**တုန့်ပြန်ဖြေကြားချက်**

အောက်ပါပုဂ္ဂိုလ်တို့ထံဆက်သွယ်မေးမြန်းနိုင်ပါသည်။

Mr. Xavier PREEL
အထွေထွေမန်နေဂျာ
Total E&P Myanmar No. 5, Sacred Tooth Relic Lake Avenue
Punn Pin Gone Quarter No. 5, Mayangone Township
Yangon, The Republic of the Union of Myanmar.

(သို့မဟုတ်)

အဖွဲ့ကျင့်ဝတ်ရေးရာကော်မတီသို့ အောက်ပါအီးမေးလ်ဖြင့်ဆက်သွယ်နိုင်သည်။
The Group Ethics Committee at ethics@total.com

၇။ သင့်စီးပွားရေးလုပ်ငန်းများနှင့်စပ်လျဉ်းသည့် မေးခွန်းများအတွက် ဆက်လက်ပြီး ဖိတ်ခေါ်လိုပါသည်။ အောက်ပါကဏ္ဍအသီးသီးအား ဖြေရှင်းရန်အတွက် သင့်အဖွဲ့အစည်းအတွင်း မူဝါဒနှင့် လုပ်ငန်းစဉ်များ ရှိပါသလား။ ရှိလျှင် အသေးစိတ်ဖော်ပြပေးပါ။

(က) လွတ်လပ်စွာစုပေါင်းခွင့်နှင့် စုပေါင်းတောင်းဆိုမှုများပြုလုပ်နိုင်ခွင့်
(ခ) ပုံမှန်လူနေမှုအဆင့်အတန်းနှင့် လျော်ညီသောလုပ်ခလစာ
(ဂ) လုပ်ငန်းခွင်လုံခြုံမှုနှင့်ကျန်းမာရေးစောင့်ရှောက်မှု
(ဃ) ကလေးသူငယ်အလုပ်ခိုင်းစေမှု
(င) အတင်းအဓမ္မအလုပ်ခိုင်းစေမှု
(စ) ခွဲခြားဆက်ဆံမှု ဆန့်ကျင်ရေး (ကျား-မ၊ လူမျိုးရေး၊ ဘာသာရေး၊ နိုင်ငံသား စသည်ဖြင့်)
(ဆ) သဘာဝပတ်ဝန်းကျင်ဆိုင်ရာ
(ဇ) မြေယာအခွင့်အရေး
(ဈ) ပြန်လည်နေရာချထားရေး

## တုန့်ပြန်ဖြေကြားချက်

ကျွန်ုပ်တို့၏ မေးခွန်းနံပတ် ၂ ဖြေကြားချက်တွင်ကိုးကားရန်။ အဆိုပါဖြေကြားချက်ပါ လုပ်ငန်းကျင့်ဝတ် Code of Conduct တွင် အထက်ဖော်ပြပါအချက်အလက်များနှင့်သက်ဆိုင်သည့် မူဝါဒများ ပါဝင်ပြီးဖြစ်သည်။

### (က) လွတ်လပ်စွာစုပေါင်းခွင့်နှင့် စုပေါင်းတောင်းဆိုမှုများပြုလုပ်နိုင်ခွင့်

Total အနေဖြင့် ဝန်ထမ်းများ၏ လုပ်ငန်းခွင်အခြေအနေအား၊ အထူးသဖြင့် ပုဂ္ဂိုလ်ရေးဆိုင်ရာ လေးစားမှု၊ ခွဲခြားဆက်ဆံမှုများမရှိခြင်း၊ လွတ်လပ်စွာစုစည်းခွင့်နှင့်အရေးဆိုခွင့်အပါအဝင်၊ ၎င်းတို့၏ ကျန်းမာရေးစောင့်ရှောက်မှုနှင့်လုံခြုံရေးဆိုင်ရာပကဏ္ဍတို့အား အဖွဲ့အစည်း၏ လုပ်ငန်းကျင့်ဝတ်ပိုင်းတွင် အလေးပေးထားပါသည်။ မည်သို့သော ပုဂ္ဂိုလ်ရေးဆိုင်ရာ အနှောင့်အယှက်ပြုမှုမဆို သည်းခံခွင့်လွှတ်ခြင်း မရှိပေ။

Total ၏ လုပ်ငန်းကျင့်ဝတ်သည် ILO အဖွဲ့၏ အဓိကကျသောသဘောတူညီချက်များအပါအဝင် နိုင်ငံတကာ၌ လက်ခံကျင့်သုံးသည့် လူ့အခွင့်အရေးစံနှုန်းတန်ဘိုးများအား လေးစားလိုက်နာရန် စီမံထားပါ သည်။ ၎င်းတို့တွင်

- ILO Convention n° 111 on Discrimination

- ILO Convention n° 87 on Freedom of Association and Protection of the Right to Organise

- ILO Convention n° 98 on Right to Organise and Collective Bargaining.

**(ခ) ပုံမှန်လူနေမှုအဆင့်အတန်းနှင့် လျော်ညီသောလုပ်ခလစာ**

အထက်တွင်ဖြေကြားထားသော အချက်များအားကိုးကားရန်။

**(ဂ) လုပ်ငန်းခွင်လုံခြုံမှုနှင့်ကျန်းမာရေးစောင့်ရှောက်မှု**

အထက်တွင်ဖြေကြားခဲ့သည့် အချက် (က) တွင်ကိုးကားရန်။
Total ၏ လုပ်ငန်းကျင့်ဝတ်တွင် အမြင့်မားဆုံးသော လုံခြုံရေး၊ ကျန်းမာရေး၊ အန္တရာယ်ကင်းရှင်းရေး နှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ စံနှုန်းတန်ဘိုးများနှင့်အညီ ဆောင်ရွက်ရေးတို့အား အထူးအလေးအနက်ထား ဆောင်ရွက်သည်။

**(ဃ) ကလေးသူငယ်အလုပ်ခိုင်းစေမှု**

အထက်ဖြေကြားချက်များအားကိုးကားရန်။
Total အနေဖြင့် မိမိတို့လုပ်ငန်းများလုပ်ဆောင်ရာတွင် နိုင်ငံတကာမှလက်ခံကျင့်သုံးသည့် လူ့အခွင့်အရေးစံနှုန်းတန်ဘိုးတို့အားလေးစားလိုက်နာကျင့်သုံးသည်။
အဆိုပါစံနှုန်းသတ်မှတ်ချက်တို့မှာ-

- ILO Convention n° 29 on Forced Labour

- ILO Convention n° 105 on the Abolition of Forced Labour

- ILO Convention n° 138 on the Minimum Age

- ILO Convention n° 182 on the Worst Forms of Child Labour.

**(င) အတင်းအဓမ္မအလုပ်ခိုင်းစေမှု**
အထက်ပါဖြေကြားမှုများအားကိုးကားရန်။

**(စ) ခွဲခြားဆက်ဆံမှု ဆန့်ကျင်ရေး (ကျား-မ၊ လူမျိုးရေး၊ ဘာသာရေး၊ နိုင်ငံသား စသည်ဖြင့်)**
အထက်ပါဖြေကြားမှုများအားကိုးကားရန်။

**(ဆ) သဘာဝပတ်ဝန်းကျင်ဆိုင်ရာ**
အထက်ပါဖြေကြားချက်များအားကိုးကားပါရန်။
Total ၏ လုပ်ငန်းကျင့်ဝတ်တွင် သဘာဝပတ်ဝန်းကျင်နှင့် အိမ်ရှင်နိုင်ငံများ၏ ယဉ်ကျေးမှု ဓလေ့ထုံးတမ်းစဉ်လာများအား လေးစားလိုက်နာရန် ဟူသည့်ပြဌာန်းချက်များပါဝင်သည်။ ထို့အပြင် သက်ဆိုင်ရာဒေသခံလူမှုအသိုင်းအဝိုင်းတို့၏ အခွင့်အရေးများအား လေးစားတန်ဘိုးထားရန်နှင့်

အဆိုပါတန်ဘိုးများအား ရှာဖွေလေ့လာရန်၊ ကာကွယ်ပေးရန်၊ နောက်ဆက်တွဲအကျိုးအဆက်များတွင် ကြားဝင်စေ့စပ်ပေးရေး၊ အထူးသဖြင့် ၎င်းတို့၏ သဘာဝပတ်ဝန်းကျင်နှင့် လူနေမှုဘဝပုံစံတို့အပေါ် ထိခိုက်နစ်နာမှုများတွင်၊ သင့်လျော်ပါက ထိုက်သင့်သော လျော်ကြေးများပေးအပ်ရန်တို့ပါဝင်သည်။

## (၉) မြေယာအခွင့်အရေး

Total ၏ လုပ်ငန်းကျင့်ဝတ်နှင့်အညီ၊ Total အနေဖြင့် မိမိတို့လုပ်ငန်းလုပ်ကိုင်ရာလူမှုအသိုင်းအဝိုင်းတို့တွင် ပိုင်ဆိုင်မှုအခွင့်အရေးအပါအဝင် ဒေသခံတို့အခွင့်အရေးများအား လေးစားလိုက်နာရန် အထူးအလေးပေး ဆောင်ရွက်သည်။ ကျွန်ုပ်တို့အနေဖြင့် ဒေသခံတို့၏ ပိုင်ဆိုင်မှုများနှင့်စပ်လျဉ်းသည့် ကိစ္စရပ်များတွင် ပွင့်လင်းမြင်သာမှုရှိစွာဆောင်ရွက်ပြီး၊ ဒေသဆိုင်ရာနှင့်နိုင်ငံတကာဆိုင်ရာ မြေယာဥပဒေများနှင့်အညီ မြေပိုင်ရှင်များအား ကျွန်ုပ်တို့၏ လုပ်ငန်းဆောင်ရွက်မှုများကြောင့် ၎င်းတို့၏ ဆုံးရှုံးမှုများအတွက် ထိုက်သင့်သည့်လျော်ကြေးများပေးဆပ်ပါသည်။

## (၁၀) ပြန်လည်နေရာချထားရေး

အထက်တွင်ဖြေကြားထားသည့် ဖြေကြားချက်များအားကိုးကားရန်။
Total ၏ လုပ်ငန်းကျင့်ဝတ်သည် ထိခိုက်နစ်နာမှုများအတွက် (အထူးသဖြင့် တိုင်းရင်းသားလူမျိုးများအပါအဝင် အားနည်းသောလူမှုအဝန်းအဝိုင်းတို့အတွက်) လျော်ကြေးပေးဆောင်မှုဖြစ်စဉ်တွင် မည်သို့ဆောင်ရွက်ရမည်ဟူသည့်ပုံစံနှင့် အကောင်အထည်ဖော်ဆောင်မှုတို့ကိုဖော်ပြပေးသည်။ Total အဖွဲ့အစည်းတွင် ဌာနေလူမျိုးများနှင့်တိုင်းရင်းသားများဆိုင်ရာ ချာတာတစ်ရပ်ထားရှိပါသည်။ ထိုချာတာအား အောက်အင်တာနက်လင့်ခ်တွင်လေ့လာနိုင်သည်။
http://reflex.corp.local/Lists/reflex_Doc_Master_Files/Attachments/211/CH-GR-SBS-001_en_1.pdf